ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

Email: teamseckscc@protonmail.com

# (၃၅) နှစ်မြောက် ရှစ်လေးလုံးနေ့ (၈.၈.၈၈) အထိမ်းအမှတ် သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၈)ရက်

မြန်မာပြည် ဖက်ဒရယ် ဒီမိုကရေစီအရေးအတွက် မျိုးစေ့ချခဲ့သော သမိုင်းဝင်နေ့ အထိမ်းအမှတ်နေ့ ဖြစ်သည့် ရှစ်လေးလုံး (၈.၈.၈၈) အရေးတော်ပုံ၏ (၃၅) နှစ်ပြည့် အမှတ်ရဖွယ် နေ့ထူးနေ့မြတ်တွင် မြန်မာပြည်သူလူထုကြီးနှင့် တော်လှန်ရေးသူရဲကောင်းများတို့အား ကာယသုခ၊ စိတ္တသုခနှင့် ပြည့်စုံပြီး အကြမ်းဖက်စစ်ကောင်စီ၏ မတရား ဖိနှိပ်ခြင်းများ၊ ရက်စက်ကြမ်းကြုပ်မှုများနှင့် လှည့်ဖြားကျေးကျွန်ပြုမှုများမှ အမြန်ဆုံး လွတ်မြောက်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံတွင် မတရားသောအုပ်ချုပ်မှုနှင့် တစ်ပါတီအာဏာရှင်စနစ်တို့ကို ဆန့်ကျင်တွန်းလှန်ရင်း တရားမျှတမှု၊ လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရန်အတွက် လူထုလှုပ်ရှားဖြင့် ဆန့်ကျင်တွန်းလှန် ခဲ့ကြသည်မှာ ယနေ့ ဩဂုတ်လ(၈)ရက်နေ့၊ ၂၀၂၃ ခုနှစ်တွင် (၃၅)နှစ်တိုင်တိုင် ပြည့်ခဲ့ပြီဖြစ်ပြီး သမိုင်းဝင် နေ့စွဲများထဲတွင် အမှတ်အရဆုံး နေ့ရက်အဖြစ် အသက်ဝင်နေဆဲပင်ဖြစ်သည်။ ခေတ်အဆက်ဆက် အာဏာရှင်များသည် မိမိတို့၏ အာဏာတည်မြဲရန် ပြည်သူလူထုအား ရက်စက်ကြမ်းကြုတ်မှုများ၊ မတရားမှုများစွာဖြင့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ကြိုးပမ်းကြသော်လည်း ပြည်သူလူထုများ၊ ကျောင်းသားလူငယ်များနှင့် အမှန်တရားကိုမြတ်နိုးသူများမှ နည်းလမ်းမျိုးစုံဖြင့် ပြန်လည်တွန်းလှန် ဆန့်ကျင်တော်လှန်ခဲ့သည်မှာ ယနေ့ တော်လှန်ရေး ခရီးအထိပင်ဖြစ်သည်။

တရားမျှတမှုကင်းမဲ့သည့် စစ်အာဏာရှင်စနစ်ဆိုးကြီး ထာဝရ ပျက်သုန်းရန်အတွက် အမှန်တရားကို သိမြင်ကာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လိုသော ကျောင်းသားလူငယ်မောင်မယ်များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ရဟန်းရှင်လူများအားလုံး တစ်စည်းတစ်လုံးတည်း ပေါင်းစည်းမိခဲ့ရာမှ အစပြုသော ရှစ်လေးလုံး (၈.၈.၈၈) အရေးတော်ပုံကြီးမှစ၍ ယနေ့ နွေဦးတော်လှန်ရေးအထိ မိမိတို့၏ အိုးအိမ်စည်းစိမ်နှင့် အသက်ကို ပဓာနမထားဘဲ တိုင်းပြည်လွတ်လပ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီဖော်ဆောင်ရေးနှင့် စစ်အာဏာရှင်ကျရှုံးရေးအတွက် အသက်စွန့် ပေးဆပ်ခဲ့ကြသော ရှစ်လေးလုံး (၈.၈.၈၈) မျိုးဆက်များ၊ လူမှုအဖွဲ့အစည်းများ၊ ရဟန်းရှင်လူများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ ခိုင်မာရဲရင့်မှုနှင့် ပေးဆပ်မှုများအား လွန်စွာလေးစား မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ရှစ်လေးလုံး (၈.၈.၈၈) အရေးတော်ပုံ (၃၅)နှစ်ပြည့်သည့်တိုင် မပြီးဆုံးသောသော စစ်အာဏာရှင် တော်လှန်ရေးကို ဆက်လက်လုပ်ဆောင်နေကြသော ကျောင်းသားလူငယ်များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ရဟန်းရှင်လူများ၊ ပြည်သူလူထုအားလုံးနှင့်အတူ မိမိတို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ သည်လည်း အကြမ်းဖက်စစ်ကောင်စီ၊ စစ်အာဏာရှင်စနစ်ဆိုးနှင့် အာဏာရှင်ဟူသမျှ အမြန်ဆုံးအမြစ်ပြတ် ချုပ်ငြိမ်းပြီး ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးအား တည်ထောင်နိုင်သည်အထိ ဆက်လက်ကြိုးပမ်း တွန်းလှန်သွားမည် ဖြစ်ကြောင်း တော်လှန်ရေးသစ္စာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**“ အရေးတော်ပုံ အောင်ရမည်”**

**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (KSCC)**